# "တရုတ်ဘာသာပြိုင်ပွဲ (Chinese bridge) မှ လက်ရွေးစင်များ၏ပုံပြင်"




မြန်မာ့လက်ရွေးစင်-တရုတ်ဘာသာပြိုင်ပွဲ(Chinesebridge)အတွက်"အဆင့်(၈)လက်ရွေးစင်"၏ မွေးထုတ်ရှင်သန်လာမှုမှတ်တမ်း။

ကိုယ်တိုင်ဒိဋ္ဌမြင်ရခြင်း မဟုတ်ပါက မျက်မှောက်တွင် တရုတ်စကားကို ရည်ရည်လည်လည် ပြောဆိုနေသည့် ကောင်မလေးမှာ မြန်မာစစ်စစ်ဖြစ်သည်ကိုမည်သူကမျှယုံနိုင်မှာမဟုတ်ပါ။

ယခုအကြိမ် တရုတ်ဘာသာ (Chinese bridge)ပြိုင်ပွဲတွင် မြန်မာနိုင်ငံရန်ကုန်မြို့မှ ရောက်ရှိလာသည့် လက်ရွေးစင်ရန်ကျီဟန်သည် မည်သည့်နေရာသို့ ရောက်သွားသည်ဖြစ်စေ အများ၏မျက်စိကို ဆွဲဆောင်နိုင်စမြဲဖြစ်သည်။ တရုတ်စကားကို (၁၃)နှစ်ကြာသင်ယူခဲ့သည့် အဖြစ်အပျက်၊ ဟန်အမူအရာတွင် ပါရှိသော "တရုတ်စတိုင်လ်"တို့သည် အင်္ဂလိပ်ဘာသာ အဆင့်နှင့်နှိုင်းယှဉ်ပြီး တွက်ချက်လိုက်လျှင် ဤအသက်(၁၆)နှစ်သာရှိသောကောင်မလေးသည် သူငယ်ချင်းများ၏မျက်စိတွင် စစ်မှန်သော တရုတ်ဘာသာ "အဆင့်(၈)လက်ရွေးစင်"ဟု ဆိုနိုင်သည်။

လွန်ခဲ့သည့်(၁၃)နှစ်က အသက်(၃)နှစ်သာရှိသော ရန်ကျီဟန်သည် ညီအစ်ကိုမောင်နှမများနှင့်အတူ တရုတ်၊ အင်္ဂလိပ်၊ မြန်မာဘာသာ စကားသုံးမျိုးကိုသင်ယူခဲ့ကြသည်။ ငယ်ရွယ်သေးသည့် ရန်ကျီဟန်သည် "လေးထောင့်ပုံစာလုံး" နှင့် "အနိမ့်သံ၊ လျှာလိပ်သံ"များ ပါရှိသည့် တရုတ်ဘာသာကိုရင်ဆိုင်ရာတွင် အထူးခေါင်းကိုက်ပြီး တစ်ခါတစ်ရံလက်လွှတ်ချင်စိတ်ကိုပင်ပေါ်ထွက်လာခဲ့သည်။ မူကြိုတန်းတွင်ဖခင်၏အလုပ်ဆိုင်ရာအကြောင်းရင်းကြောင့် ယူနန်-မြန်မာအကြားအမြဲသွားလာနေရသဖြင့် ရန်ကျီဟန်သည် ဖခင်နှင့်အတူ ကူမင်းမြို့သို့ရောက်ရှိလာပြီးကျောင်းတက်ရသည်။ ယင်းသည် တရုတ်နိုင်ငံကို သူမက ပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်သည်။ ဤအတွေ့အကြုံကြောင့် တရုတ်ဘာသာအပေါ် သိရှိစေသော ပြတင်းပေါက်သစ်ကို သူမအားဖွင့်လှစ်ပေးနိုင်သည့်အပြင် ယူနန်နှင့်လည်း ရေစက်ဆုံစေနိုင်ခဲ့သည်။ "ဟိုတုန်းက တရုတ်ဘာသာစကားမှာ စံပြတရုတ်ဘာသာစကားရှိတဲ့အပြင် ဒေသန္တရစကား အမျိုးမျိုးလည်းရှိမှန်း ကျွန်မသိရပါတယ်။ ယူနန်ဒေသန္တရစကားကို ကျွန်မအရမ်းကြိုက်ပါတယ်။ အစောကြီးကတည်းက 'တာ့ရန်ယူ'နဲ့ 'ရှောက်မီကျား'ရဲ့ Fansဖြစ်လာပါပြီ"ဟု ၄င်းက သတင်းထောက်အား ပြောပြပေးသည်။ ကူမင်းမြို့တွင် ပညာဆည်းပူးစဉ်ကာလအတွင်း သူမသည် လီကျန်း၊ တာ့လီ၊ စစ်ဆောင်ပန်နားတို့သို့ သွားရောက်လည်ပတ်ခဲ့သည်။ သူမ၏ တရုတ်ဘာသာ အရည်အချင်း ပိုမိုမြင့်တင်စေသည့်အပြင် ထိုအချိန်မှစ၍ ယူနန်၏ ရှုခင်းအလှနှင့် ယဉ်ကျေးမှုကိုလည်းချစ်ကြိုက်စေခဲ့သည်။

"ယူနန်ကိုလာပြီးယခုအကြိမ်တရုတ်ဘာသာပြိုင်ပွဲ(Chinese bridge)ပါဝင်ယှဉ်ပြိုင်မှုအတွက်ကျွန်မက နည်းနည်းမှ မစိုးရိမ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ကျွန်မအတွက် 'အိမ်ခံပြိုင်ပွဲ'ဖြစ်ရုံသာမကပြိုင်ပွဲအတွက် ကျွန်မကလည်း 'အစွမ်းကုန်'အောင် ကြိုတင်ပြင်ဆင်ခဲ့ပါတယ်"ဟု ရန်ကျီဟန်က ဝမ်းသာစွာပြောသည်။

စင်စစ်သော်ရန်ကျီဟန်ကဲ့သို့ တရုတ်စကားပြောတတ်သော မြန်မာ့လူငယ်မှာ အများကြီးရှိနေသေးသည်။ မြန်မာ့အသင်းခေါင်းဆောင်က မြန်မာ-တရုတ်နှစ်နိုင်ငံတို့သည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံ၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေးတစ်နေ့တစ်ခြားရင်းနှီးလာသည်နှင့်အမျှ ဘာသာစကား တတ်ကျွမ်းသူတို့သည် နှစ်နိုင်ငံတို့မှလက်တွဲ၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော လူချွန်လူကောင်းဖြစ်လာကြောင်း၊ လောလောဆယ်မြန်မာနိုင်ငံ၌ တရုတ်ဘာသာစကား သင်ယူကြသောလူငယ်များမှာ တစ်နေ့တစ်ခြားများပြားလာနေကြောင်း သတင်းထောက်အား ထိုသို့ပြောသည်။

သတင်းယူပြီးသည့် နောက်ပိုင်းတွင်ရန်ကျီဟန်က ယခုတစ်ကြိမ်ပြိုင်ပွဲ၏မြင်ကွင်းတိုင်းကို သေချာစွာမှတ်သားသွားမည်ဖြစ်ကြောင်း၊ တရုတ်ဘာသာစကားမှရရှိထားသော "အပေါင်းစွမ်းအား"ကို မိမိ၏ဇာတိမြေသို့ဆောင်ကြဉ်းသွားပြီးပိုများသော မြန်မာလူငယ်များအား တရုတ်ဘာသာစကား၏ အလှတရားကိုမျှဝေပေးမည်ဖြစ်ကြောင်း သတင်းထောက်အားပြောပြခဲ့သည်။ အနာဂတ်တွင်တရုတ်နိုင်ငံရောက်လာပြီးတရုတ်ဘာသာကို ဆက်လက်သင်ယူကာ မိမိတတ်ကျွမ်းသမျှပညာများဖြင့်တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်အကျိုးဆောင်ပေး နိုင်မည်ဟုမျှော်လင့်ကြောင်း၄င်းက ပြောသည်။

သတင်းထောက် - စူးဝင်

## ရန်လီဖင်၏ကဇာတ် 《ဒေါင်း၏ဆောင်းရာသီ》ကို နိုဝင်ဘာလတွင် တရားဝင်တင်ဆက်ပြသ

တရုတ်နာမည်ကျော် အကအနုပညာရှင်ရန်လီဖင်က အနုပညာကြီးကြပ်ရေးမှူးနှင့် ခေါင်းဆောင်သရုပ်ဆောင်အဖြစ် တင်ဆက်မည့်ကဇာတ် ဒေါင်း၏ဆောင်းရာသီကို နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ ယူနန်အနုပညာကောလိပ်စမ်းသပ်ဇာတ်ရုံ (မာယွမ်) တွင် တရားဝင်တင်ဆက်သွားမည်ဖြစ်ကြောင်းယူနန်ရန်လီဖင် ယဉ်ကျေးမှုပြန့်ပွားရေးကုမ္ပဏီမှ ယမန်နေ့က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲမှရရှိသောသတင်းအရသိရသည်။




ဒေါင်း၏ ဆောင်းရာသီ သည် ရန်လီဖင်ကနာမည်ကျော်ကဇာတ် ဒေါင်း၏မူရင်းပါ "နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်း"ဖြစ်သည့် အခန်း (၄)ခန်းထဲမှ "ဆောင်း"အခန်းကို သီးသန့်ကောက်နုတ်ထားပြီး ပြင်ဆင်ပြုစုခြင်းဖြင့် ဖြစ်တည်လာသည့် ပြီးပြည့်စုံသော၊ သီးခြားသော ကဇာတ်သစ်ဖြစ်သည်။ ယင်းကဇာတ်သည် တီထွင်ဖန်တီးသူက အသက်၏သံသရာနှင့် အနှစ်သာရအပေါ် တွေးတောဆင်ခြင်မှုကို စုစည်း၍ဖော်ပြထားပြီးအသက်၏အနက်အဓိပ္ပာယ်၊ အသက်အဆုံးသတ်မှုနှင့် ပြန်လည်ရှင်သန်လာမှုစသည်တို့နှင့် ပတ်သက်သောပုစ္ဆာစီးရီးအပေါ် မေးမြန်းလိုက်သည်ကို တင်ပြခဲ့သည်။

အနာဂတ်တွင်ကဇာတ် ဒေါင်းပါ နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်းဖြစ်သည့် အခန်း (၄)ခန်းကို သီးခြားအခန်းအဖြစ် ခွဲခြားသွားမည်ဖြစ်ကြောင်း၊ ကဇာတ်တစ်ခုလုံးကို ခွဲလည်းခွဲနိုင်၊ ပေါင်းလည်းပေါင်းနိုင်ကြောင်း၊ ပေါင်းလိုက်ပါက ကဇာတ်တစ်ခုဖြစ်တည်လာပြီး နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်းဖြစ်သည့် ရာသီလေးပါးနှင့်ရှင်ရေးသေရေးကို ပြသသွားမည်ဖြစ်ကြောင်း၊ ခွဲလိုက်ပါက အခန်း (၄) ခန်းတို့မှ သီးသန့်ကဇာတ်ဖြစ်လာပြီး အသက်၏အစနှင့်အဆုံး၊ စည်ပင်ဝပြောမှုနှင့် ဆုတ်ယုတ်ပျက်ယွင်းမှုတို့ကို သီးခြားစီပြသသွားမည်ဖြစ်ကြောင်း ရန်လီဖင်က ပြောသည်။

ဒေါင်း၏ဆောင်းရာသီကို ယူနန်အနုပညာကောလိပ် စမ်းသပ်ဇာတ်ရုံ၌ ပထမဆုံးအကြိမ်တင်ဆက်ပြသပြီးသည့်နောက်ဝေဖန်း၊ နန်ကျင်းစသည့် မြို့များတွင် ၂၀၁၆ခုနှစ်အတွင်း ပြည်တွင်းလှည့်လည်တင်ဆက်ပွဲ (၂၈)ပွဲခန့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရ သည်။

သတင်းထောက် - ကျိန်ချန်းဆန်း

## ထောင်နှင့်ချီသောနှုတ်သီးနီဇင်ရော်များ ကူမင်းသို့ရောက်ရှိ



ဆောင်းကူးရန် နှုတ်သီးနီဇင်ရော်များ၏ "ရှေ့ဆောင်အဖွဲ့"သည် အောက်တိုဘာလ ဒုတိယဆယ်ရက်ပိုင်းတွင် တျန်းချီကန်၏ အပြင်ဘက်ပင်လယ်ရေပြင်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ အစပိုင်းတွင် အကောင်(၄၀၀)ခန့်သာ ရှိခဲ့သော်လည်း ယခုတွင်မူ ဟိုင်ကိန်ဥယျာဉ်ရှိ တျန်းချီကန်ရေပြင်နှင့် ချောင်ဟိုင်ကန်ရေပြင်တို့တွင် စုဝေးလိုက်ပြီး ကောင်ရေမှာ (၁၀၀၀)ကျော်အထိ တိုးလာပြီဖြစ်ကြောင်းကူမင်းမြို့ ငှက်မျိုးရေးရာအသင်းမှကျွမ်းကျင်မှုပညာရှင်၏ မိတ်ဆက်ခြင်းအရသိရသည်။ ခန့်မှန်းခြေအရလာမည့်(၁၅)ရက်အတွင်း ဇင်ရော်၏ ကောင်ရေမှာ (၅၀၀၀)ကျော်အထိ တိုးတက်လာပြီး ထိုအခါကျလျှင်ဇင်ရော်များက ကမ်းတက်ကာ ခရီးသည်များ၏ အစာကျွေးခြင်းကို ခံယူနိုင်မည်ဖြစ်သည်။

သတင်းထောက် - ရန်ကျိန်း